(၂) **စပါးရွက်ဖုံးပုပ်ရောဂါ  (Sheath Rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Sarocladium oryzae (*Sawada) W. Gams & D. Hawksw.**

**ရောဂါလက္ခဏာများ**

အလံရွက်၏ ရွက်ဖုံးပေါ်တွင် လုံးရှည်ပုံ(သို့) ဘဲဥပုံရှိ အညိုရောင် အနား ရစ်ရှိသော မီးခိုးရောင် အနာကွက်တွေ့ရှိနိုင်ပါသည်။ ရောဂါပြင်းလျှင် အနှံမထွက်နိုင်ပဲ တစ်လစ် ဖြစ်နေသည်။ ရွက်ဖုံးအတွင်းဘက်တွင်ဖြူဖွေးသောမှိုကို တွေ့ရှိနိုင်ပြီး အနှံမှာ ပုပ်နေ တတ်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်းမျိုးစေ့သုံးပါ။
- ရောဂါရအနှံနှင့် ရွက်ဖုံးများမီးရှို့ဖျက်ဆီးပါ။
- အာဟာရကို မျှတစွာရရှိနိုင်ရန် မြေသြဇာများကို ချင့်ချိန်၍သုံးပါ။ နိုက်တြိုဂျင် ဓါတ်မြေသြဇာများအား လွန်ကဲစွာ သုံးခြင်းကိုရှောင်ပြီး ပိုတက်ရှ်မြေသြဇာ ကဲ၍သုံးပါ။
- အပင်စိပ်လွန်းစွာမစိုက်သင့်ပါ။
- ရောဂါဆိုးရွားစွာကျရောက်ဖူးသော စိုက်ခင်းများတွင် စိုက်ပျိုးပါက စပါးမျိုးစေ့ ကို မျိုးစေ့ လူးနယ်ဆေးအဖြစ် အသုံးပြုနိုင်သည့် မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါကို ကြိုတင်ကာကွယ်ရန်ဖုံးတုံးလုံးတုံးချိန်မတိုင်မီ အောက်ပါမှိုသတ် ဆေးများ ပက်ဖျန်းအသုံးပြုပါ။

- Propiconazole (ပရိုပီကိုနာဇိုး)
- Difenoconazole (ဒီဖီနိုကိုနာဇိုး)
- Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)